နှမ်ဂျာသိုင်း

# အိပ်မက်ကို တွေ့ရသိပ်နော်. .



ချစ်တတ်သည်

"ငါချစ်တတ်သည်"

ဤကြေငြာချက်ကို

ယခုအခါ

ငါရဲရဲဝံ့ဝံ့ သုတ်ပြန်ရဲပါပြီ . . .

ငါ့အရင်ချစ်ခဲ့ဖူးသော

စာအုပ်ထဲမှ

အာဒန်နဲ့ အေးဝ

ရိုမီယိုနဲ့ ဂျူလိယက်

မွေ့နွန်းနဲ့ နန္ဒာ

အစရှိသူတို့နှင့်လည်း

ငါ . . .

ယှဉ်ပြိုင်၍ ချစ်ဝံ့ပါပြီ။

တညတာ ခွဲရသည့်အတွက်

နှစ်ခုနစ်ရာ ဆွေးရသည်ဆိုသော

ဒဏ္ဍာရီထဲမှ

ကိန္နရီ ကိန္နရာ မောင်နှံနှင့်လည်း

ငါ . . .

လက်တွဲ၍ ငိုဝံ့ပါပြီ . . .။

မျက်ရည်များ . . .

ပန်းခြောက်များ . . .

လက်ဆောင်များ . . .

အနမ်းများ . . .စသော

အချစ်၏ အမွေပစ္စည်းများ အားလုံးကိုလည်း

ငါ . . .

ယုယစွာ သိမ်းထားတတ်ဝံ့ပါပြီ . . .။

ဟိသစ္စံ . . .

မှန်သော ဤစကားများကြောင့်

လွတ်မြောက်သူများကဲ့သို့

ငြိမ်းအေးရာ မရောက်သေးမူ၍

သမုဒယနွယ်ဖြင့် ကျင်လည်အပ်သော

သံသရာ အဖန်ဖန်တွင်

ဆပြန်တန်ဖိုးတိုး၍

ချစ်နေဦးမည်ဖြစ်သော

ငါ့အား . . . .

ငါ့ထံမှ . . . .

သင့်ထံသို့ . . .

ပြောဆို ကြားသိစေညွှန်းလိုက်သည့်

ဤဝေဒနာများသည် . . . .

ဘဝအဆက်ဆက် . . .

မဟာသက်သေ အဖြစ် လိုက်ပါနေပါစေသတည်း။

**ခိုင်ဇော်**

♥ ♥ ♥

# အပိုင်းတစ်

## ၁

မဟာဂန္ဓဝင် ဖွတ်ကျားသည် ကျွန်တော့်ကို ကောင်းစွာ နှိပ်စက်ပြီဟု သိလိုက်၏ ။

လူပုံအလယ်ရောက်ပြီ ဆိုတိုင်း ဤသို့ အကျင့်ယုတ် တတ်သည့် သူ့ အရည်အချင်းကို သူ များစွာ သဘောကျ သွားသည် ထင်သည်။ ဂရဲ . . .ဂရဲ . . . ဟူသော သေလုမျောပါး ချွဲဟပ်သံ ကြားမှ ဟဲ . . .ဟဲ . . .ဟဲ . . .ဟဲ . . . ဟု ရယ်သံပြုလိုက်သေးသည်။

စိတ်တိုတိုနှင့် သော့တံကို ဖိလှည့်လိုက်၏ ။

ဂရီး . . .ဂရီးဟု ထပ်မံ အသံပြုသည်။

ထို့နောက် ဂရစ် . . .ဂရစ်ဟု မြည်၍ သေတော်ခေါ် သွားပြန်သည်။

ကျွန်တော့် နဖူးတွင် ချွေးများစို့ လာ၏ ။

"သနားပါတယ်ဟယ်၊ မီးခြစ် ရှိယင် ပေးလိုက်စမ်းပါ၊ ဟီဟိ"

ခပ်လှမ်းလှမ်း အဆောင်ကူး လမ်းအုတ်ခုံတွင် ထိုင်ပြီး မဟာဂန္ဓဝင်ဖွတ်ကျား ယုတ်မာသမျှ ကျွန်တော် ချွေးလုံးလုံး စ, ဖြစ်သည့် အချိန်တလျှောက်လုံး တမျိုးပြီး တမျိုး ရိနေသော လောင်စိန် ပကျိပကျိ အုပ်စုထံမှ အသံလေးများ လွင့်ပျံလာသည်။

"လုပ်ပါနဲ့ဟယ် . . .သူ့ခမျာ ဒါလေးတခုပဲ ဖြစ်ဖြစ်မြောက်မြောက် ချမ်းသာရှာတာပါ"

"အေးလေ . . .သူများ ဒုက္ခ ရောက်နေတာကို နင်တို့မို့ ဝမ်းသာအားရ ပြောနေတယ်၊ ဟိုမှာ ကလေးက ဘယ်လောက် ရှက်နေတယ် မှတ်လဲ"

"ဟုတ်တယ်ဟဲ့ သွားမစ,နဲ့ သူကတမျိုး၊ ရှက်လာယင် သူများနဲ့ မတူဘူး"

"သူများနဲ့ မတူလို့ သူက ဘာဖြစ်နေလို့လဲ"

"သူများကလေးတွေက ရှက်ယင် ငိုတယ်။ ဒီကလေးက ရှက်လာယင် ပုဆိုးကွင်းလုံး ချွတ်ပြီး ထကရော . . . ."

"ဟယ် . . . . ကောင်မ ယုတ်မတ်လိုက်တာ"

ကျွန်တော် မျက်လုံးတခုလုံး ထူးအန်းပူနွေးနေသည်။ သူတို့ ပြောသလို သည်ခွေးမသား ကိုလည်း ဓာတ်ဆီလောင်း၍ မီးတင်ရှို့ချင်စိတ် ပေါ်နေ၏ ။

အမြင်ကတ်ကတ်နှင့် လီဗာပြားကို ဆောင့်ကန်လိုက်သည်။

"ဂလု . . . ."

မဟာဂန္ထဝင်ဖွတ်ကျား ဆိုသည့် ကျွန်တော့် ကားစုတ်ကတော့ မှုတောင် မမှု။ အရက်သမား ကြို့ထိုးသလို အသံဆိုး အသံကြောင့် အသံပျက်တခု ဂလုကန်ပေး၍ ခပ်ပေပေဖြင့် ငြိမ်သွားပြန်သည်။

ဒေါသသည် အမြင့်ဆုံး ရောက်ရှိသွားသည်။

"တောက် . . ."

လောင်စိန်အုပ်စု ထံမှ ရယ်သံလေးများ ကြားလိုက်ရပြန်သည်။

ဝုန်းကနဲ တံခါးကို ဆောင့်ပိတ်လိုက်သည်။

အစိမ်းတောက်တောက် ပြူးကြောင်ကြောင် အရောင်ဖြင့် အလွန်တရာ သောက်မြင်ကတ် ဖွယ် ကောင်းလှသော ကားပျက်အား ဆောင့်ဆက် ကန်ပစ်ချင်စိတ်ကို မနည်း ထိန်းထားရ၏ ။

ဒေါသအလျှောက် ထကန်ပြန်လျှင်လည်း . . .သူကတော့ ဂရုစိုက်မည် မဟုတ်၊ မနေတတ် မထိုင်တတ် ခြေသရမ်းသော ကျွန်တော်ပင် ပိုက်ဆံကုန် ရဦးမည်။ ခုတောင် - သူသေတော် ခေါ်ရာက ပြန်ထဖို့ ဝပ်ရှော့ကို ဘယ်လောက် ပူဇော်ရဦးမည်မသိ။

သည်ကား နိုပ်စက်သဖြင့် . . .နောက်ဆုံး စီးရီးမှ ရသော ငွေ၏ တဝက်လောက် သည်လည်း အနိစ္စသဘောနှင့် ကိစ္စချောခဲ့ပြီ၊ ကျန် တဝက်လောက် သည်လည်း ခုပုံအတိုင်းဆို သိပ်ကြာကြာ သက်ဆိုး ရှည်တော့မည် မဟုတ်။

သည်ကား တခါပျက်တိုင်း ပျက်တိုင်းလည်း နားထဲတွင် သည်ကား အရောင်းအဝယ် ဆိုင်ထားစဉ်က ကားပွဲစား လုပ်သူ ပြောခဲ့သည့် စကားများကို ဒေါသဖြစ်စွာ ပြန်ပြန် ကြားမိသည်။ ခုလဲ ကြားနေမိပြန်၏ ။

“ဒီကားမျိုးက မြန်မာပြည်မှ သုံးစီးပဲ ရှိသေးတယ်၊ ကိုခိုင်ဇော် စိတ်ကူးမလွဲနဲ့ . . .ဒီကားမျိုး စီးရတဲ့ ဂုဏ်ကသေးတာ မဟုတ်ဘူး။

ကျွန်တော် တခြားလူတောင် စပ်တာမဟုတ်ဘူး၊ ခင်ဗျားကိုကျမှ သက်သက် စေတနာနဲ့ လာစပ်ပေးတာ၊ တခြားလူတွေလဲ စီးဖို့သင့်တာ မဟုတ်ဘူး . . .ခင်ဗျားလို နာမည်ကြီး အဆိုတော် ဂုဏ်ဒြပ်မျိုးနဲ့မှ ဒါမျိုးက တင့်တယ်တာ”

သေခြင်းဆိုး ဟု စိတ်ထဲက ရေရွတ်လိုက်သည်။

သူအဆွယ် ကောင်းသဖြင့် အဟုတ်မှတ်ကာ ဝယ်မိသည်။ ဝယ်ပြီးသည့် ရက်ကတည်းက ကျွန်တော့် တွင် ဖွတ်တက်တာထက် ဆိုးတော့သည်။ ကားကလည်း မျိုးကောင်း၊ သောက်ပြောလဲ မကြီးနဲ့၊ ဖောက်ဆောလဲ မစီးနဲ့ဟု ဂန္တဝင်တွင်လောက် အောင် ဆိုရိုးပြုရသည့် ဖောက်ဆော အမျိုးအစား . . .ဗစ်တာ၊

သူငယ်ချင်းတွေ ပေးသည့် အမည်က မလွန်၊ ဂန္တဝင် စာလျှောက်လုံး ဖွတ်ထက် ဆိုးသည့် ဖွတ်ကျား၊ ဖွတ်ကျား တောင်မှ ရိုးရိုးဖွတ်ကျား မဟုတ်။ ဆူပါဖွတ်ကျား၊ မဟာဖွတ်ကျား၊ သည့်အတွက် ကျွန်တော် ကား စ/၅၅၆၆

ဖောက်သော ဗစ်တာ ကချလာကို သညာအမည် မှတ်တမ်း တင်ကြသည်။ မဟာဂန္ဓဝင် ဖွတ်ကျား၊ အသက် -၁၂၀ ရှည်၍ နိုပ်စက်စေသောင် . . . . ဟု . . . .။

သိပ်စိတ်ကုန်ဖို့ ကောင်းသည်။

ခုလည်း ကျောင်းဆင်းချိန်လေး ဇိမ်နှင့် အိမ်ပြန်ရမလား အောက်မေ့သည်၊ ငနဲသားက သူပသမိုင်းဝင် အစဉ်အလာကို အတော် ထိခိုက်သွားမှာ စိုးသည့်ဟန်ဖြင့် ပျက်ဖြစ်အောင် ပျက်ပြလိုက်၏ ။

စိတ်နာနာနှင့် ကားကို သည်အတိုင်း ပစ်ထားခဲ့ပြီး ကျွန်တော်ကျောင်းထဲသို့ ပြန်လျှောက် လာခဲ့သည်။

အဆောင် တစ်ဘက်သို့ ပြန်တက်ရန် လျှောက်လာယင်း စောစောက အုတ်ခုံပေါ်က ကောင်မလေးတွေ နားမှဖြတ် လျှောက်ရသည်။ ရှက်ရှက်နှင့် ခေါင်းငုံ့လျှောက်ခဲ့၏ ။

သူတို့အုပ်စုကို လွန်သည်နှင့် နောက်ဘက်မှ အသံစူးစူးလေး တခု ကြားရသည်။

“ပဲလှော်နဲ့ လဲစားပစ်လိုက်ပြီးရော . . .“ . . .တဲ့။

ပြောလည်း ပြောစရာဖြစ်၏ ။

♥ ♥ ♥

၂

မဟာဂန္ဓာဝင် ဖွတ်ကျား၏ နှိပ်စက်မှုကြောင့် ဒေါပွပွနှင့် ကျောင်းပေါ် ပြန်တက်လာသော ကျွန်တော်သည် ပတ်ဝန်းကျင် ကိုပင် ဂရုမစိုက်မိ။

ကားဒီတိုင်းထားပြီး အိမ်ပြန်လို့ ကလည်းမဖြစ်၊ မောင်းမရသည့် သည်ကားကြီးကို တွန်းယူသွားဖို့ ဆိုတာကလည်း ဖြစ်နိုင်သည့် အလုပ် မဟုတ်၊ ကောင်းတာကတော့ ကျောင်းအလွန် ဘီအိုစီကွေ့ မှတ်တိုင်နားက မီးရထားကန်ထဲ ဆောင့်ကန်ချ ပစ်လိုက်ဖို့ပဲ ကောင်းသည်။

သို့သော် သည်လောက် လုပ်နိုင်ဖို့ကလည်း ကျွန်တော်က မချမ်းသာ၊ အမေရိကန်က ရှူးကြောင်ကြောင် သူဌေးကြီး ဟောင်းဝပ်ဟုချ်၏ ဆယ်ပုံတပုံ လောက်သာ ချမ်းသာကြည့်၊ သည်ကားမျိုး . . .မျိုးတုံးသွားအောင် မြန်မာပြည်မှာ ရှိသမျှ အကုန်ဝယ်ပြီး မြစ်ထဲ ကန်ချပစ်လိုက်မည်။

ခုတော့ . . .စီးရီး တခွေစာ အရင်းပြု၍ ဝယ်ထားပြီး စီးရီးတဝက်စာ သင်းကို ဖိုထားရသေးရာ . . .နေသေးသပါ ချုံထဲက၊ ချိုသွေးသပ ချုံထဲက ဟုပင် သဘောထား နေရတော့၏ ။

ခုလည်း အိမ်ပြန်လို့မရ၊ သည်ကားကိစ္စ ရှင်းရဦးမည် ဖြစ်ရာ၊ ဝပ်ရှော့ကို ဖုန်းဆက်ခေါ် ရဦးမည်၊ ဝပ်ရှော့က ပုဂ္ဂိုလ် တွေ မလာမချင်း ကျောင်းထဲမှာပဲ ထိုင်စောင့် ရဦးမည် . . .။

လွန်စွာ စိတ်ပိန်ဖွယ် ကောင်းသော ကိစ္စများကို တွေး၍၊ စာသင်ဆောင်တစ် အပေါ်ထပ်မှ ဆင်းသည့် လှေကားဘေးမှ ဖြတ်ကာ ကျောင်းသား ရေးရာဘက် လျှောက်ခဲ့၏ ။

"အိုး . . .ဗဲရီးဝမ်းဒါးဖူးလ် . . .အစ်ဇစ်ထရူး . . ."

အ . . . တမျိုးပါလားဟု စိတ်ထဲတွင် အောက်မေ့လိုက်သည်။

အဆောင်တစ် လှေကားနားမှ နေ၍ စာကြည့်တိုက်ဘက် အကူး ထောင့်နား အပေါ်ထပ်မှ ဆင်းလာသည့် လှေကားရင်း အရောက်တွင် ဗိုလ်သံလေး တခု ကြားလိုက်ရသဖြင့် ကပျာကယာ လှမ်းကြည့်လိုက်၏ ။

နည်းနည်းနှော့နှော့ အုပ်စုမဟုတ်။

အဆောင်အပေါ်က ဆင်းလာသော အုပ်စုတွင် စကပ်ရှည်အဖြူ တယောက်၊ အပြာ တယောက်၊ ဝတ်ထားသော ဖြူဖွေးဖွေး နိုင်ငံခြားသူက နှစ်ယောက်၊ သူတို့ကို လိုက်ပြဟန် တူသော ဗမာကျောင်းသူက သုံးလေးယောက်၊ ပြီးတော့ သူတို့ နောက်မှနေ၍ ရောကော သောကော လိုက်လုပ်လာဟန် တူသော ဗမာထီးလေး များက မရှိဘူးဆို လေးငါးယောက် တော့ရှိမည်။

စောစောက သိပ်အံ့ဩဖို့ ကောင်းတာပဲ၊ အဲဒါ တကယ်ပဲ လားဟု ဗိုလ်လိုမှတ် လိုက်သော စကပ်အဖြူနှင့် ထိုင်းလိုလို ဗီယက်နမ် လိုလို ကောင်မလေး၏ စကားအဆုံး . . .အနားက ကောင်မလေး တသိုက်ထံမှ . . .ရက်စ် . . .ရက်စ် . . .ဟူသော အသံလေးများ ဆူညံသွားသည်။

"အေး . . .ရက် . . .ရက် . . .ပြောင်အောင်ရက်ကြ" ဟု စိတ်ထဲတွင် ရှိနေသော ဒေါသအခဲနှင့် အမြင်ကတ်ကတ် ပြောထည့်လိုက် အပြီး ကျွန်တော့် မျက်လုံးများ ဂျင်းစကပ် အပြာနှင့် နိုင်ငံခြားသူ နောက်တယောက်ထံ ရောက်သွားသည်။

"အယ် . . ."

ရင်ထဲတွင် ဒိန်းကနဲ ဖြစ်သွား၏ ။

လှမ်းလက်စ ခြေလှမ်းများ တန့်ကနဲ ဖြစ်တော့ မည်ပြုသည်။

တကိုယ်လုံး ဘယ်လို ဖြစ်သွားမှန်းမသိ . . .။

အမှန်တော့ ဘာမှ ထူးထူးခြားခြား ဖြစ်လှသည် မဟုတ်။ မျက်လုံး ညိုညိုဝိုင်းဝိုင်း တစုံနှင့် တန်းကနဲ လှမ်းဆုံလိုက်ခြင်းမျှသာ။

သွားယင်း လာယင်း တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော် လှမ်းအကြည့်နှင့် ဟိုကောင်မလေး လှမ်းအကြည့်ဆုံပြီး မျက်လုံးချင်း လှမ်မြင်လိုက်ခြင်းသာ၊ သို့သော် ဘယ်ကနေ ဘယ်လို . . .ဘာရောဂါ အခံနှင့် လာတိုက်ဆိုင်သွား သည်မသိ၊ ထိုမျက်လုံးညိုပြာပြာ ဝိုင်းဝိုင်းကြီးသည် ကျွန်တော့်ရင်ကို ဖြောင်ဆန်အောင် လှုပ်ခါပစ်လိုက်သည်။

ဝေ့ကနဲ ရောက်လာသော အကြည့်ထဲတွင် တခါမျှ မခံစားဖူးသော လွမ်းခြုံဖမ်းစား တတ်သည့် အငွေ့တခုကို ထူးထူးဆန်းဆန်း မြင့်လိုက်ရသည်။ ဘယ်ကမ္ဘာ ဘယ်နိုင်ငံက ဘယ်လို အကြောင်းအပေါင်းသင့်ပြီး ရောက်လာသည့် နိုင်ငံခြားသူမှန်း မသိသော်လည်း စိတ်ထဲမှာ မိတ်ဟောင်း ဆွေဟောင်း တယောက်နှင့် အမှတ်မထင် ပြန်တွေ့လိုက်သလို ခံစားလိုက်ရသည်။

ရင်ထဲက လှုပ်ရှားမှုကြောင့် ကျွန်တော် အကြည့် သိပ်ရိုင်း သွားသည် ထင်သည်။ ထိုတပြည်သူလေးက ကပျာကယာ အကြည်လွဲသည်။

သည်တော့မှ . . .ကျွန်တော် မူလစိတ်ရှိရာ ပြန်ရောက်ပြီး အချိုးကွေ့ကို ခပ်သွက်သွက် ကွေ့လိုက်သည်။ သူတို့နှင့် ကွယ်သွားမှ ရင်ထဲတွင် တလှပ်လှပ် ထခုန်သော မျောက်လိုအကောင် ကို မရရအောင် ငြိမ်ခိုင်းပြီး ကင်တင်းဘက် လျှောက်သည်။

နားထဲတွင် ကိုယ့်ကို လှမ်းခေါ်လိုက်သံလိုလို ကြားလိုက်ရသည် ထင်၏ ။

♥ ♥ ♥

၃

"သံဗူးတခွက်"

စားနေသော နန်းကြီးသုပ် တဝက်ကျိုးခါနီး တွင် အအေးဆိုင်သို့ လှမ်းမှာလိုက်၏ ။

ကားကိစ္စက ပြေလည်သလောက် ရှိသွားပြီ ဖြစ်သဖြင့် ရင်ထဲတွင် စောစောကလို ဒေါသအခံ ရှိမနေတော့၊ ခုမှ ခါတိုင်းကဲ့သို့ အေးအေးဆေးဆေး နေတတ်သော ခိုင်ဇော် ပြန်ဖြစ်လာသည်။

တော်သေးတာပေါ့ . . .ဝပ်ရှော့ကို ဖုန်းလှမ်း ဆက်စဉ်က ဖုန်းကလည်း တခါတည်း လှည့်ရုံနှင့် တန်းရလို့၊ ပြီးတော့ ဝပ်ရှော့ဆရာနှင့်လည်း ဒါရိုက်တန်းတိုးလို့၊ နို့မို့ ခုထိ ဒေါပွနေရဦး မည်။

ကျွန်တော် ဖုန်းဆက်မှန်း သိသောအခါ ဝပ်ရှော့ဆရာ ကိုသော်က အကြားအမြင် ပေါက်နေသကဲ့သို့ပင် တခါတည်း တန်းမေး၏ ။

"ဘာလဲ . . .ခိုင်ဇော်၊ ဘယ်နေရာမှာ မင်းကောင်ကြီး ယုတ်မာ နေပြန်ပလဲ၊ ငါထင်တော့ ထင်တယ်၊ ဒီနေ့ ပိုက်ဆံရမယ်လို့ . . . မနက်ကတည်းက လက်ဖဝါးတွေ ယားနေတာ"

"အဲဒါ ဝဲပေါက်ချင်လို့ ဖြစ်လိမ့်မယ် . . .သတိထား" ဟု ကျွန်တော်က ပြောပြီး ကျောင်းရှေ့မှာ လုံးဝ နှိုးမရတော့ကြောင်း ပြောသည်။ သည်တော့မှ အရက်သောက်ချိန် မရောက်ခင် ပါးစပ်ထဲ ကွမ်းမပြတ်အောင် ထည့်ထားမှ ခြေတုန်လက်တုန် သက်သာသော ကိုသော်ကက သူ့ထံမှ ကြားနေကျ ကုန်အမှတ်တံဆိပ် လို ဖြစ်နေသော ကွမ်းသံကြီးနှင့် "အေးအေး . . . .ဒါဖြင့်

ငါလာခဲ့မယ်၊ မင်းကျောင်းကပဲ စောင့်၊ ဆွဲဖို့ ကားလာတာနဲ့ ငါချက်ချင်း ထွက်လာခဲ့မယ်” ဟု ပြောသည်။

ထိုအခါကျမှ ကျွန်တော်လည်း စိတ်ချလက်ချဖြင့် ကင်တင်း ထွက်လာနိုင်ခဲ့သည်။

ကားကိစ္စ စိတ်အေး၍ ဟာနေသော ဗိုက်ထဲကိုလည်း နန်းကြီး တပွဲဝင်သွားမှ စောစောက အမှတ်တမဲ့ ဖီလင်လေး ပြန်ရောက်လာသည်။ အံ့တော့ ဩစရာဖြစ်၏ ။

တကယ့်ကို အံ့တော့ အံ့စရာ . . . .။

သည်ကောင်မလေးကို တခါမှ မြင်ဖူးသည် မဟုတ်၊ မြင်ဖူးစရာလည်း အကြောင်းက သိပ်မရှိ။ ကောင်မလေးမှာ မြင်တာနှင့် နိုင်ငံခြားသူမှန်း သိပ်သိသာသည်။

ဆံပင်က ကျွန်တော်တို့ ဆီမှ ကောင်မလေး တွေလိုပင် ဒိုင်ယာနာ လေဒီပုံ ဖြစ်၍ . . .အနက်ရောင် ပင်ဖြစ်သော်လည်း ပါးနှင့် အဝတ်အစားက သိပ်သိသာ လွန်းသည်။

ပါးမို့ဖောင်းဖောင်းတွင် ပန်းရောင် ပြေးနေပုံကလေးက အအေးဓာတ် ပြင်းထန်သော နိုင်ငံ တနိုင်ငံမှ လာကြောင်း ပြောပြ နေသလို ဖြစ်နေသည်။ ပါးမို့နီရဲ သက်သက်ဆိုလျှင် ရှမ်းပြည်က ကောင်မလေး တို့ ဘာတို့ ဖြစ်မလား မှားစရာ ရှိသေးသည်။ အဝတ်အစား ပါကူလိုက်တော့ ဒီလို ထင်စရာ လုံးဝ မရှိတော့။

အဝတ်အစားက မြန်မာ ကောင်မလေးတွေ နိုင်ငံခြား ဆန်သည်လိုလို ဘာလိုလို ထင်ယောင် ထင်မှား ဖြစ်အောင် ပုံမှားရိုက်ဝတ်ထား သလိုမျိုး မဟုတ်။ သည်အဝတ် အစားမျိုးနှင့် အသားကျနေသည့် ပုံစံ၊ ဘာပဲပြောပြော နိုင်ငံခြားသူမှန်း သိတော့ သိသာသည်။ ပြီးတော့ သုံးစွဲသည့် စကားက အင်္ဂလိပ်စကား။

အေးလေ . . . အဲဒါ ဘာဖြစ်လဲ၊ သူ့ဟာသူ နိုင်ငံခြားသူဆို တော့လဲ နိုင်ငံခြားသူပေါ့၊ မင်း ဘယ်သူ့ရိုက်စစ် နေလို့လဲ၊ မင်းနဲ့ ဘာဆိုင်လို့လဲဟု ကျွန်တော် လေရှည်နေခြင်းကို အမြင်ကတ်စွာ တယောက်ယောက်က ပြောချင်ပြောမည်။

ဟုတ်ပါသည်။ သူနိုင်ငံခြားသူ ဖြစ်ခြင်းကတော့ ကျွန်တော်နှင့် ဘာမှုမဆိုင်ပါ၊ ကျွန်တော်ကလည်း ဆိုင်သည်ဟု ပြောနေခြင်း မဟုတ်ပါ။ ကျွန်တော့် စိတ်ထဲမှာ အံ့သြနေတာ တခုကို တွေးမိနေ၍ ပြောခြင်းသာ ဖြစ်ပါသည်။

စိတ်ထဲမှာ သိပ်အံ့သြနေ၏ ။

ကိုယ်နှင့်လည်း လွန်စွာရင်းနှီးနေသည်။ တကယ့် ဆွေမျိုးသားချင်း အရင်းအချာ ထဲကလိုလို၊ ငယ်ပေါင်းကြီးဖက် သူငယ်ချင်း တယောက်လိုလို စိတ်ထဲမှာ ခံစားရသည်။

တွေ့လိုက် ရတာ လေးကလည်း စင်စစ် ခဏမှ ခဏလေး၊ အလွန်ဆုံးရှိမှ နှစ်စက္ကန့်သုံးစက္ကန့်၊ ဒါတောင် နည်းနည်းများ ချင် များသွားမည်။ အမှန်က သည်လောက်ပင် မရှိ။ ဖြတ်ကနဲ လှမ်းမြင်လိုက်ရတာ လေး။

သို့သော် ကျွန်တော် မျက်လုံးထဲတွင် တခါတည်း ကာလာလင်၊ ပိုလာရိုက်စ် ကင်မရာတို့ဖြင့် ဓာတ်ပုံရိုက် ယူထားလိုက်သလို ပီပီသသ စွဲစွဲထင်ထင် ဖြစ်သွားသည်။

ပိုအံ့သြစရာ ကောင်းသည်မှာ ထိုမျက်နှာလေးသည် ကျွန်တော်နှင့် အလွန်ရင်းနှီး ခြင်းပင် ဖြစ်သည်။ သူ့ကို ကျွန်တော် သိကိုသိနေသလို ဖြစ်နေသည်။

ဆွေမျိုးထဲ၊ သူငယ်ချင်းထဲ၊ အသိထဲက တယောက်ယောက်နှင့်များ တူနေလို့ လားဟုလည်း အကြိမ်ကြိမ် ပြန်စဉ်းစားသည်။ ဘယ်လိုမှ စဉ်းစား၍ မရ။ သာမန် ဖြစ်ရိုးဖြစ်စဉ် မဟုတ်သည်ကတော့ သိပ်သိသာသည်။

သည်အရွယ်၊ သည်အသက်ထိ ကောင်မလေး များနှင့် ကင်းနေသည့်

နေရာ၌ တခါမှ မနေခဲ့ဖူးသောကြောင့် ဘဝမှာ မိန်းကလေး မျက်နှာပေါင်း ဘယ်နှစ်ကုဋေလောက် မြင်ဖူးသည် ဟုပင် ရေတွက် နိုင်စရာမရှိ။ သို့သော် ဘယ်မျက်နှာမှ သည်ကဲ့သို့ ခံစားရခဲ့ဖူး ခြင်းမရှိ။

ပြီးတော့ . . . .မှတ်မိသည်။ ဘယ်မိန်းကလေး မျက်နှာနှင့်မှလည်း မတူပဲ ရင်းနှီးနေ ပြန်သည်။ စိတ်ထဲက တခုသတိရ လိုက်၏ ။ အိပ်မက် . . . .

အင်း . . .ဖြစ်တော့ ဖြစ်နိုင်သည် . . . .။

အဲ . . . . .ဖြစ်နိုင်တာ မဟုတ်၊ ဖြစ်ကို ဖြစ်မည်။ အား . . .ဟုတ်တာပေါ့၊ ခုမှ သေသေချာချာ စဉ်းစားမိသည်။ အိပ်မက်တို့ ဘာတို့ ထဲမှာ တွေ့ဖူးသည့် မျက်နှာပဲ ဖြစ်မည်။ သိပ်ကို သေချာနိုင်သည်။ အပြင်မှာ မြင်ဖူးသည့် မျက်နှာ ဟုတ်ကို မဟုတ်။ အိပ်မက်တို့ ဘာတို့ ထဲမှာ ရင်းနှီးဖူးသည့် မျက်နှာ . . . .။

ရင်ထဲတွင် လှပ်လှပ်လေး ခုန်သွားသည်။

ကြည်နူးသလို ဝေဒနာလေး တခုလည်း ပေါ်လာ၏ ။

မြတ်စွာဘုရား . . .သိပ်ထူးဆန်း လှချည်ကလား၊ ရင်ထဲမှာ အံ့သြခြင်းနှင့် အတူ တစုံတခု သောခံစားမှုလေး ပေါ်လာပြန်သည်။ သူနှင့် ကျွန်တော် သည်အတိုင်းဆို တခုခုတော့ ပတ်သက်တော့ မည် . . . .ဟု၊ ဟုတ်သည် . . .တခုခုတော့ ဆက်စပ်ပြီး ပတ်သက်လိမ့်မည်။

အတွေးနှင့်အတူ သံပုရာရည် ခွက်လေးကို ငုံ့သောက်လိုက်သည်။

သံပုရာရည် ချိုချဥ်ချဥ်လေးသည် ရေခဲအေးအေး လေးများနှင့်အတူ ရင်ထဲသို့ လျှောကနဲ ဝင်သွားသည်။

လှလိုက်တာကွယ် . . . .အဲလေ . . . . .ကောင်းလိုက်တာကွယ် . . . .

♥ ♥ ♥